ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၀)

(Village Development Project)

ကုန်းမုံကျေးရွာအုပ်စု၊ နားယကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နားယကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	နားယကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	နားယကျေးရွာရာသီခွင်ပြပြကွဒိန်၊ လာ:ရှိုးမြို့နယ်	၇
	နားယကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


အောက်တိုဘာလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နားယကျေးရွာ
လားရှိုးမြို့နယ်


နားယကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



နားယကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



နားယကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်တော်တို့ နားယကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တည်ရှိပါသည်။ လားရှိုးမြို့၏အရှေ့တောင်ဘက်အရပ်တွင် တည်ရှိပြီး လားရှိုးမြို့နှင့် (၃၃)မိုင် ခန့် ကွာဝေးပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများ၊ တောင်ဘက်တွင် ပြောင်းဖူးခင်းများ၊ မြောက်ဘက်နှင့် အနောက်ဘက်တွင် တောင်တန်းတောင်ကုန်းများ ရှိပါသည်။ ၄င်းတောင် များပေါ်၌ သစ်ပင်အနည်းငယ်နှင့် ဝါးပင်အနည်းသာပေါက်ရောက်ပြီး စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း မရှိပါ။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ နားယကျေးရွာ၏ ရာသီဥတုအနေအထားမှာ အေးမြစိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧကမှာ လယ်မြေ(၇၁)ဧက၊ တောင်ယာမြေ(၂၂၃) ဧကနှင့် ဥယျာဉ်ခြံမြေ(၂၅)ဧက၊ စုစု ပေါင်း (၃၁၉) ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင် ကောင်းမွန်ပါသည်။ ရွာပတ်လည်တွင် တောင်ကုန်း၊ တောင်တန်းများ တည်ရှိနေသော

ကြောင့် တချို့စိုက်ခင်းများမှာ ရွာနှင့်အလှမ်းဝေးသောနေရာတွင် စိုက်ပျိုးလုပ်ကိုင်ရပါသည်။ **ကျွန်တော် တို့ နားယကျေးရွာမှ ကျောက်သဲ၊ ကျောက်စရစ်ထွက်ရှိသော်လည်း ယူဆောင်ဖို့ရန် အလွန်ခက်ခဲ သောကြောင့် အသုံးမပြုကြပါ။** သဘာဝတောတွင်းတိရိစ္ဆာန်များ မရှိပါ။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့မန်းပွဲဘူတာကျေးရွာတွင် အိမ်ထောင်စု(၁၀၃)အိမ်ရှိပြီး၊ ရှမ်းလူမျိုးများ အများဆုံး နေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း (၄၂၁)ဦးဖြစ်ပြီး ယျမ်းမျှ တစ်အိမ်ထောင်လျှင် (၅-၆)ဦး ရှိပါ သည်။ ကျွန်တော်တို့ နားယကျေးရွာတွင် နို့စို့အရွယ် ကျား (၇)ဦး၊ မ(၁၂)ဦး၊ ၅နှစ် အောက် ကလေးငယ်မှာ ကျား(၁၄)၊ မ(၁၇)ဦး၊ မူလတန်းကျောင်းသား အရွယ် (၁၀)နှစ်အောက် ကျား(၁၂)ဦး၊ မ(၁၇)ဦး၊ အလယ်တန်းကျောင်းသားအရွယ်(၁၀နှစ်မှ ၁၄နှစ်)အထိ ကျား(၂၅)ဦး၊ မ(၂၀) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၁၄၂)ဦး၊ မ(၁၅၂ဦး၊ (၆၅)နှစ်အထက် သက်ကြီးရွယ်ကြီးကျား(-) ဦး၊ မ(၃)ဦးတို့ဖြစ်သည်။ နို့စို့အရွယ်ကလေးများအား ကာကွယ် ဆေးများ ပုံမှန်ထိုးနှံပေး လျှက် ရှိပါ သည်။ ကာကွယ်ဆေးများ မထိုးနှံကြသော အိမ်ထောင်စုများ လည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို ၆-၇နှစ်မှ စတင်တက်ရောက်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၇၁)ဧက၊ တောင်ယာမြေ(၂၂၃) ဧကနှင့်ဥယျာဉ်ခြံမြေ(၂၅)ဧက၊ စုစု ပေါင်း (၃၁၉) ဧက ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ပြီးပါက မီးသွေးဖုတ်ခြင်း၊ ပန်းရံ၊ လက်သမားလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် တောင်ယာ အဌားလိုက် ခြင်း၊ ပြောင်းစိုက်ခြင်း၊ ပြောင်းချိုးခြင်း၊ ပန်းနှမ်းများ စိုက်ပျိုးခြင်း၊ ဈေးရောင်းခြင်းများကို လုပ်ကိုင် ကြပါသည်။ **ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်နေရသဖြင့် ရာသီဥတုဒဏ်၊ ပိုးမွှားကျရောက်မှု၊ ဈေးကွက်မတည်ငြိမ်မှုတို့ကြောင့် စီးပွားရေး နိမ့်ကျပါသည်။ မွေးမြူရေးတွင်လည်း တပိုင်တနိုင်သာ မွေးမြူပါသည်။** ကျေးရွာတွင် တောင်ယာနေ့စား လုပ်အားခ ကို အနည်းဆုံး(၂၅၀၀)ကျပ်မှ အများဆုံး(၃၀၀၀)ကျပ် ထိသာရရှိပါသည်။ ထို့ကြောင့် **တချို့ အိမ်ထောင်စုများမှ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝမ်းစာမဖူလုံသောကြောင့် အခြားပြည်တွင်း၊ ပြည်ပနိုင်ငံ များသို့ သွားရောက်အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။ ရရှိလာသောလုပ်အားခများကို မိသားစု ထံ ဟွန်ဒီမှတဆင့် ငွေလွှဲကြပါသည်။**

နားယကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၃.၀၆%)၊ အလယ်အလတ် ရှိသော အိမ်ထောင်စု(၂၁.၄၃%)၊ မပြေလည်သောအိမ်ထောင်စု (၄၅.၉၂%)နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၉.၅၉%) ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၆) ဧက နှင့် အထက်ရှိခြင်း၊ တိုက်အိမ်များ၊ ကားများ၊ လယ်ယာသုံးပစ္စည်း ကိရိယာများဖြစ်သော လက်တွန်း ထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် မြေယာ ပိုင်ဆိုင်မှု (၃)ဧကအထက်ရှိခြင်း၊ သွပ်မိုးထရံကာ အုတ်ခုံအိမ်များ၊ ထော်လာဂျီများ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှု (၁)ဧကအထက်ရှိခြင်း၊ သွပ်မိုးမြေစိုက် ထရံကာ အိမ်၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုသည် မြေယာ ပိုင်ဆိုင်မှုမရှိပါ။ သက်ကယ်မိုး ဝါးထရံကာအိမ်များဖြင့် နေထိုင်ကြပါသည်။

ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် ကျေးရွာ၏ (၃၁.၆၃%) မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြသည်။ တစ်နေ့လုပ် တစ်နေ့စားကြသူ များဖြစ်သည်။ မြေပိုင်ဆိုင်မှု(၃၃.၆၇%)သည် ဆင်းရဲသားတောင်သူများဖြစ်ပြီး မြေယာအနည်းငယ် ရှိပါသည်။ မြေပိုင်ဆိုင်မှု (၂၄.၄၉%)ရှိသောတောင်သူငယ်များသည် လယ်ယာမြေလုံလောက်မှု ရှိပြီး၊ မြေပိုင်ဆိုင်မှု(၁၀.၂၀%)ရှိသော တောင်သူလတ်များသည် လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ရွာနှင့် တောင်ယာသွားရာလမ်း အလှမ်းဝေးသောကြောင့် အချို့တောင်ယာ များတွင် သီးနှံ မစိုက်ပျိုးနိုင်သဖြင့် စားနပ်ရိက္ခာမဖူလုံမှုများ ရှိလာနိုင်ပါသည်။ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ ထိခိုက်မှုအနေဖြင့် ကျွန်တော်တို့နားယ ကျေးရွာတွင် သဘာဝ အရင်းအမြစ် ရှားပါးမှု၊ မြေစိုက်ပျိုးရေး အလွန်နည်းပါးပါသည်။ ကျန်းမာရေး အသိမရှိခြင်းကြောင့် ၄က်ဖျားရောဂါများ၊ ကျောက်ကပ်ရောဂါများဖြစ်ပွားမှုရှိပါသည်။

ကျွန်တော်တို့ နားယကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ၍ သုံးစွဲနိုင်ခြင်း၊ ဆိုင်ကယ်များစည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်လာနိုင်၍ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ အမျိုးသားများသည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန် ရှာဖွေ စားသောက်ရသောကြောင့် ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ လက်လုပ်လက်စားများ၊ ကျပန်း များသည် ကျေးရွာတွင်း ကြုံရာကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ နေပူမိုးရွာမရှောင် လုပ်ကိုင်ရခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ လုပ်အားခနည်းပါးခြင်းကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ဆေးစွဲသူများ

သည် မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်သောကြောင့် အလုပ်မလုပ် နိုင်ရုံသာမက လူမှုရေး၊ စီးပွားရေးကိစ္စများ၌ လှစ်ဟာမှုများ၍ ထိခိုက်လွယ်မှုမြင့်ပါသည်။

ကျွန်တော်တို့ရွာတွင် အချို့အမျိုးသားများသည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးအတွက် ပြောင်းချိုးခြင်း၊ ပြောင်းစိုက်ခြင်း၊ ပေါင်းရှင်းခြင်း၊ ပန်းနှမ်းစိုက်ခြင်းများတွင် နေ့စားအဖြစ် လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးချိန်တွင် ဝိုင်းဝန်းစိုက်ပျိုးပေးခြင်း၊ ဖျားနာမှုရှိလျှင် ရပ်ရွာမှ ဆေးရုံ၊ ဆေးခန်း ပို့ပေးခြင်း ၊ ညဘက်တွင် စောင့်ရှောက်ပေးရခြင်းများရှိပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်း(၂)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ ရှမ်းယဉ်ကျေးမှုအကအဖွဲ့နှင့် မူးယစ်တိုက်ဖျက်ရေးအဖွဲ့တို့ဖြစ်ပါသည်။ **လုံခြုံရေးနှင့်ကာကွယ်ရေးပိုင်းတွင် ရွာအဖွဲ့အစည်းရှိသော်လည်း ထိရောက်စွာ မလုပ်ဆောင်နိုင်ခြင်းကြောင့် အလွန် အားနည်းပါသည်။ ကျေးရွာတွင်းအဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက် ကြပါသည်။**

ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့နားယကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင် ကြပါသည်။ စိုက်ပျိုးရာတွင် မိုးကိုသာ အဓိက အားကိုး၍ စိုက်ပျိုးရပါသည်။ ကျေးရွာ၏ သဘာဝရာသီဥတု အခြေအနေမှာ အတော်အသင့်ကောင်းမွန်ပါသည်။ **ကျွန်တော်တို့ နားယကျေးရွာတွင် တွင်းရေများ၊ စိမ့်စမ်းရေများ မရှိသောကြောင့် ချောင်းရေကိုသာ သုံးစွဲနေရပါသည်။ အဆိုပါချောင်းရေမှ ရေစုပ်စက်ဖြင့် စုပ်ယူ၍ စိုက်ပျိုးရပါသည်။** မြေဆီလွှာ အရည်အသွေးမှာ မြေဩဇာ ပိုမို သုံးစွဲမှသာ သီးနှံများ အထွက်နှုန်းတိုးပါသည်။ အထွက်နှုန်း ထိုက်သင့်သလောက်မရရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် အဓိကအားဖြင့် ပြောင်းနှင့်စပါးကိုသာ စီးပွားဖြစ်စိုက်ပျိုးကြပါသည်။ ပြောင်း(၁)ဧကလျှင် ပျမ်းမျှပိဿာ(၄၀)ထွက်ရှိပြီး စပါး(၁)ဧကလျှင် ပျမ်းမျှတင်း(၅၀) ထွက်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာရှိ တောင်သူလယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၂၉)စီး၊ ခွေလှေ့စက်(၃)စီးနှင့်မြက်ရိတ်စက်(၃၂)ခုရှိပါသည်။ မြက်ရိတ်စက်(၃၂)လက်ရှိသော်လည်း စက်ချို့ယွင်းမှုများရှိနေသောကြောင့် တခြားရွာများမှ ငှားရမ်း၍ အသုံးပြုကြရပါသည်။ **သီးနှံမျိုးစေ့၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးတို့ ဝယ်ယူရန် မြို့နှင့်ဝေးသောကြောင့် အဆင်မပြေလှပါ။ သဘာဝ**

ရေမြေ၊ ရာသီဥတု၊ လယ်ယာမြေ အသုံးချနိုင်မှု စိုက်ပျိုးရေး အရင်းအမြစ် အားလုံးတို့မှာ အသင့်တင့် မျှတ ကောင်းမွန်ပါသည်။ ချေးငွေများကို အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်နှင့် မိတ်ဆွေနှင့်ဆွေမျိုး များထံတွင် အတိုးနှုန်း(၅%)ဖြင့် ချေးယူရရှိပါသည်။ စိုက်ပျိုးရေးတွင် စနစ်တကျ စိုက်ပျိုးတတ်သော နည်းပညာအကူအညီပေးမှုများ မရရှိပါ။ မိမိတို့ကျေးရွာအတွင်း ထင်မြင် ယူဆချက်များဖြင့်သာ စမ်းသပ် စိုက်ပျိုးကြရပါသည်။ သို့ဖြစ်ပါ၍ စနစ်တကျ စိုက်ပျိုးနိုင် သော နည်းပညာများ၊ ပညာပေး မှုများကို ရရှိလိုပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့နားယကျေးရွာတွင်နွားမွေးမြူထားသောအိမ်ထောင်စု(၈၂)စု ကောင်ရေ(၈၀)ကောင် နှင့် အိမ်ထောင်စု(၁၆)စု မှကျွဲကောင်ရေ(၂၇)ကောင်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ကျွန်တော်တို့နားယကျေးရွာတွင် ကျွဲ၊ နွားများကိုသာ အဓိက မွေးမြူကြပါသည်။ ညဘက်တွင် ကျွဲ၊ နွားများ လယ်ထဲရှိစပါးများ သွားရောက်ဖျက်ဆီးပါက ကျွဲ၊ နွားပိုင်ရှင်များက ပြန်လျော်ပေးရသည့် ဖြစ်စဉ်များလည်း ရှိပါသည်။ နေ့ဘက်တွင် ကျွဲ၊ နွားများ လယ်ထဲရှိစပါးများ မဖျက်ဆီးနိုင် ရန်အတွက် ကျွဲ၊ နွားပိုင်ရှင် များက သွားရောက်စောင့်ပေးရသည်။ စီးပွားဖြစ် မွေးမြူရေးကို အဓိက လုပ်ဆောင်ချင်သော်လည်း မွေးမြူရေးနည်းပညာ အတတ်ပညာမရှိခြင်းနှင့် အရင်းအနှီး မရှိခြင်း များကြောင့် တစ်ပိုင်တစ်နိုင်သာ မွေးမြူကြရပါသည်။ ရွာတွင် ကြက်၊ ဝက်၊ ဘဲများကို မမွေးမြူ ကြဘဲ ကျွဲ၊ နွားများကိုသာ မွေးမြူကြပါသည်။ စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်ကြပြီး မွေးမြူရေးကို တပိုင်တနိုင်သာ လုပ်ကိုင်ကြသည်။ ထို့ကြောင့် နည်းပညာဝန်ဆောင်မှုများ ရရှိရန် လိုအပ်ပါသည်။ တိရိစ္ဆာန်များကို ကြိုတင်ကာကွယ်ဆေးထိုးနှံမှု မရှိပါ။ ရောဂါဖြစ်ပွားမှသာ လားရှိုးမြို့ သို့ သွားရောက်ကုသကြပါသည်။

မွေးမြူရေးအတွက် လိုအပ်သောအစာများ၊ ဆေးဝါးများကို လားရှိုးမြို့မစျေးတွင် ဝယ်ယူရရှိ နိုင် ပါသည်။ မွေးမြူရေးသားငါးထုတ်လုပ်မှုတွင် အဓိကနွားရောင်းရခက်ခဲခြင်း၊ ရောင်းချရာတွင် လိုအပ်သောစျေးနှုန်းများ မရရှိခြင်း၊ အိမ်ခြံဝင်းများလုံလောက်မှုမရှိခြင်း၊ လိုအပ်သည့် အရင်းအနှီး ငွေများလုံလောက်စွာ မရရှိ ခြင်းများ နှင့် မွေးမြူရေးနည်းပညာဗဟုသုတမရှိသောကြောင့် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူမရှိပါ။ ကျွဲ၊ နွားများကို ကုမ္ပဏီနှင့် ပွဲစားများမှ ကျေးရွာတွင် လာရောက် ဝယ်ယူ၍ ၄င်းတို့ သတ်မှတ်သောနှုန်းထားအတိုင်းသာ ရောင်းချရပါသည်။ မွေးမြူရေးနှင့် ပတ်သက်သည့်နည်းပညာများ၊ ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီး ဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများအားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျွန်တော်တို့ နားယကျေးရွာ၌ စိုက်ပျိုး ရာသီပြီးချိန်တွင် ရွာတွင်း၌ ပန်းရံ၊ လက်သမားလုပ်ငန်းများ အခြားဒေသများသို့ တောင်ယာအဌားလိုက်၊ လယ်စိုက်၊ လယ်သိမ်း၊ ဖရဲစိုက်ခြင်းလုပ်ငန်းများ၌ တောင်ယာနေ့စား အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာသည် လားရှိုးမြို့နှင့်(၃၃)မိုင်ခန့် ကွာဝေးသောကြောင့် ဆေးပစ္စည်းနှင့်ကုန်ပစ္စည်းများ ဝယ်ယူရန် အခက်အခဲရှိပါသည်။ **ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖု ရှာဖွေခြင်း လုပ်ငန်း နှင့် ခြံထွက်သီးနှံများ ဈေးသို့ သွားရောက် ရောင်းချခြင်း လုပ်ငန်းများမှာ ဈေးကွက် မကောင်း သောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ ကျွန်တော်တို့ကျေးရွာသည် မြို့နှင့်အလှမ်းဝေးသောကြောင့် မဟာဓါတ်အားလိုင်းမှ မီးရရှိပါ။** ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ အရစ်ကျစနစ် ဖြင့် ရရှိထားသော ဆိုလာမီးများကို အသုံးပြုကြပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း များကို တတ်ကျွမ်းသူ အနည်းငယ် ရှိပါသည်။ချေးငွေများကို အဖွဲ့လိုက် ငွေစု/ငွေချေး အဖွဲ့ ဖြစ်သော မေတ္တာစက်ဝန်းနှင့် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် ချေးယူကြပါသည်။ အသက်မွေးဝမ်းကျောင်း ပြုနိုင်သော ပညာကို တတ်မြောက် သော လူဦးရေ အနည်းငယ်ရှိပါသည်။ ဥပမာ-စက်ချုပ်ပညာတတ်မြောက်ခြင်းဖြစ်သည်။ ဒေသ ထွက်ကုန်များ ရောင်းချရန် ဈေးကွက်နှင့် အသိအမြင်များမရှိ၍ ဈေးကွက်အခြေအနေကို ကောင်းစွာ နားမလည်ပါ။ ရွာတွင် အသက်မွေးဝမ်းကျောင်း နည်းပညာဆိုင်ရာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု များလည်း လိုအပ်လျက်ရှိသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ နားယကျေးရွာတွင် ချေးငွေလိုအပ်ပါက ငွေစုငွေချေးအစီအစဉ်ဖြစ်သော မေတ္တာစက်ဝန်း နှင့် မိတ်ဆွေနှင့် ဆွေမျိုးများထံတွင် အတိုးနှုန်း(၅%)ဖြင့် ချေးယူကြရပါသည်။ အပေါင်ခံပစ္စည်း လိုအပ်ပါသည်။ စိုက်ဘဏ်(သို့)ပုဂ္ဂလိကဘဏ်အစရှိသည့်ဘဏ်များမှာ ပုံစံ(၇)မျိုးအထောက်အထား မရှိသောကြောင့် ချေးယူ၍မရရှိပါ။

၆။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်း ဖြစ်သောကြောင့် မိုးရာသီတွင် ဗွက်ထခြင်း၊ ရေတိုက်စားခြင်း၊ ချိုင့်ခွက်များ ဖြစ်ပေါ်ခြင်းကြောင့် သွားလာရခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာ၏ မြောက်ဘက်အရပ်တွင် ချဉ်းကပ်လမ်းရှိပါသည်။ ချဉ်းကပ်လမ်းမှာ မြေသားလမ်း အမျိုးအစားဖြစ်သောကြောင့် ကျောက်မီးသွေးကားများ အသွားအလာများ၍ ပျက်စီးခဲ့ရပြီး ပွင့်လင်းရာသီ

တွင်သာ သွားလာရလွယ်ကူပါသည်။ ရွာချင်းဆက်လမ်းမှာ ကျေးရွာ၏ အနောက်ဘက်အရပ်တွင် တည်ရှိပြီးကတ္တရာလမ်းဖြစ်သော်လည်း ဖောက်လုပ်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် သွားလာရ အဆင်မပြေသဖြင့် လူအသွားအလာ နည်းပါသည်။ကျွန်တော်တို့ ကျေးရွာတွင် မြစ်များ၊ ချောင်းများ မရှိသောကြောင့် တံတားများနှင့်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မရှိပါ။

ကျွန်တော်တို့ ကျေးရွာတွင် မော်တော်ဆိုင်ကယ် (၆၂)စီးရှိသော်လည်း မြို့နှင့် (၃၃)မိုင် ကွာဝေးသောကြောင့် သယ်ယူပို့ဆောင်ရေးအတွက် အဆင်မပြေပါ။ ထော်လာဂျီ (၂၅)စီးရှိသော်လည်း ခရီးဝေးမသယ်ဆောင်နိုင်ပါ။ ကား (၁၀)စီးရှိသော်လည်း အိမ်သုံးကားများ ဖြစ်နေသောကြောင့် သယ်ယူပို့ဆောင်ရန်အတွက် အဆင်မပြေနိုင်ပါ။ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီနှင့် ကားများ အား သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုရန် မြို့နှင့် (၃၃)မိုင် ကွာဝေးသောကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အဆင်မပြေပါ။ ထို့ကြောင့် ကုန်ခြောက်များ သယ်ယူပို့ဆောင်ရာတွင် လိုင်းကားများနှင့်သာ အသုံးပြု၍ ပို့ဆောင်နေရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်ပေးထား သော ဆိုလာမီးများကိုသာ အသုံးပြုကြပါသည်။ **မြို့နှင့်အလှမ်းဝေးသောကြောင့် မဟာဓါတ်အားလိုင်း မရရှိပါ။**

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်တော်တို့နားယကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၄၂)လုံး၊ တီဗွီ(၁)လုံး၊ ဂြိုလ်တုစလောင်း(၂)လုံး စသည်တို့မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည်မရှိပေ။ ငွေကြေးမတတ်နိုင်မှုကြောင့်သော်လည်းကောင်း၊ မီးအားမနိုင်၍သော်လည်းကောင်း ဖုန်း၊ တီဗွီ၊ ဂြိုလ်တုစလောင်းများကို မဝယ်ယူနိုင်သော အိမ်ထောင်စုများလည်းရှိပါသည်။ ပညာတတ်နည်းပါးခြင်း၊ ဘာသာစကားခက်ခဲခြင်း၊ စာတတ်မြောက်မှုနည်းပါးခြင်းကြောင့် သတင်းအချက်အလက်များအချိန်နှင့် တစ်ပြေးညီ သိရှိ နိုင်မှုအားနည်းပါသည်။

၇။ ပညာရေး

ကျွန်တော်တို့ကျေးရွာအတွင်း၌ ယခင်က အခြေခံပညာ ကျောင်းမရှိခြင်း၊ ရှိသည့်ကျောင်းနှင့် အလှမ်းဝေးခြင်းများကြောင့် စာမတတ်သူဦးရေများပါသည်။ ယခုလက်ရှိအချိန်တွင်လည်း စီးပွားရေးခက်ခဲခြင်း၊ မြို့ထဲတွင် ဆွေမျိုးအသိမရှိခြင်း၊ ဘော်ဒါဆောင်ထားရန် ငွေကြေးခက်ခဲမှုများ ရှိခြင်းတို့ကြောင့် အထက်တန်းပညာကို တက်ရောက်သူဦးရေနည်းပါးပါသည်။ ထို့ကြောင့် ကျေးရွာတွင် စာမတတ်သူဦးရေ များလာခြင်း၊ ဘာသာစကားပေါက်ရောက်မှု မရှိခြင်းတို့ကြောင့် အသိပညာဖွံ့ဖြိုးမှုအားနည်းခြင်းများ ကြုံတွေ့နေ ရပါသည်။

ကျွန်တော်တို့နားယကျေးရွာတွင် မူလွန်ကျောင်း(၁)ကျောင်းရှိပါသည်။ ရွာလည်တွင်ရှိသော ကြောင့် ကျောင်းသို့ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်များဖြင့် တက်ရောက်ကြပါသည်။ ကျောင်းသုံး ပရိဘောဂနှင့် ကျောင်းအိမ်သာများမှာ လုံလောက်မှုရှိပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာစတုန်းပေ (၉၀၃၅)ပေ ရှိပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု ရှိပါသည်။ အစိုးရခန့် ကျောင်းဆရာမ (၇)ယောက်သာရှိသဖြင့် ကျောင်းဆရာမလုံလောက်မှုမရှိပါ။ကျွန်တော်တို့ကျေးရွာတွင် (၆)နှစ်ပြည့်လျှင် မူလတန်း အဆင့်ပညာကို အိမ်တိုင်းရှိ ကလေးများ အားလုံးသင်ယူ နိုင်ပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် အများအားဖြင့် အထက်တန်းပညာ၊ တက္ကသိုလ်၊ ကောလိပ်ကို သင်ကြားရန် ညီကိုမောင်နှမ များခြင်း၊ မြို့ပေါ်၌ အသိဆွေမျိုးများမရှိခြင်း၊ နေစာရာ အိမ်များ မရှိခြင်း၊ တချို့ မိဘများသည် နေ့စားအလုပ်နှင့် မိသားစုကို ကျွေးမွေးပြုစုရသောကြောင့် ကလေးအတွက် ကျောင်းစရိတ်ကို လုံလောက် စွာမပေးနိုင်ခြင်းများကြောင့် ကောလိပ်များသို့ တက်ရောက် နိုင်သူ နည်းပါသည်။

၈။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးနှင့်အာဟာရပိုင်းတွင် အာဟာရချို့တဲ့မှုမှ အခြေပြု၍ ပုံမှန်စားသောက်မှု နည်းပါးခြင်း၊ လိုအပ်သည့်အချို၊ အချဉ်၊ အစပ်၊ အခါး စသည့်အာဟာရများကို မစားသုံးနိုင်ခြင်း၊ ကျေးရွာမှ ထွက်ရှိသော အသီးအနှံဖြင့်သာ စားသောက်ရ၍လိုအပ်သည့် အာဟာရမရရှိမှုကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ငှက်ဖျားရောဂါဖြစ်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပေါ်ခြင်းစသည့် ရောဂါ များဖြစ်ကြပါသည်။ ကျေးရွာတွင် ကြိုတင်ကာကွယ်မှုများမရှိသောကြောင့် ရာသီအလိုက် ဝမ်းပျက် ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားတတ်ပါသည်။ ငှက်ဖျားရောဂါများလည်း အနည်းငယ် ဖြစ်ပွားမှုရှိပါသည်။ အစားအသောက် ဆင်ခြင်စားသုံးမှုမရှိသောကြောင့် သွေးတိုး၊ ဆီးချိုရောဂါများလည်း ဖြစ်ပွားသူများရှိပါသည်။ **ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်ကျန်းမာရေးဌာနသည် (၅) မိုင်ခန့်သာ ကွာဝေးပြီး တိုက်နယ်ဆေးရုံနှင့် (၇)မိုင်ခန့် ကွာဝေးပါသည်။ မြို့နယ်ဆေးရုံနှင့်(၃၃)မိုင် ကွာဝေးသောကြောင့် အခက်အခဲရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ဆေးဆိုင်များရှိသော်လည်း ဆေးများကို စနစ်တကျသိုလှောင်ထားခြင်းများမရှိပါ။**

ကျွန်တော်တို့ကျေးရွာတွင် ရေတွင်း၊ အဝိစိတွင်း၊ မိုးရေသိုလှောင်ကန်များ မရှိပါ။ စိမ့်စမ်းရေကိုသာ အသုံးပြုကြရပါသည်။ နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိသော်လည်း မိုးရာသီတွင် ပိုက်အတွင်းသို့ သဲများ၊ ရွှံများ ဝင်ပြီး မိုးအဆက်မပြတ်ရွာသွန်းပါက သောက်သုံးရေ ရရှိရန် မလွယ်ကူပါ။ ကျွန်တော်တို့ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာများကို သုံးစွဲသည့် အိမ်ထောင်စု များပြီး မသန့်ရှင်း သော ယင်လုံအိမ်သာများ သုံးစွဲနေသည့်အိမ်ထောင်စုများလည်း အနည်းငယ်ရှိနေကြောင်း တွေ့ရှိပါ သည်။

၉။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးမြေများမှာ ဓာတ်မြေဩဇာ အလွန်အကျွံ သုံးစွဲမှုများကြောင့် မြေဆီလွှာများ ပျက်စီးလာပါသည်။ သစ်များ၊ ဝါးများ၊ အလွန်အကျွံ ခုတ်ယူနေခြင်းကြောင့် သစ်တောပြုန်းတီးမှုများနှင့် ကြုံတွေ့နေရပါသည်။ သစ်တောပြုန်းတီးမှုများနှင့်အတူ တိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ် လုနီးပါး ရှိနေပါသည်။

၁၀။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်တော်တို့ ကျေးရွာတွင်းရှိ အမျိုးသမီးများသည် ပြင်ပအတွေ့အကြုံ နည်းပါးပါသည်။ အမျိုးသမီးများသည် မိမိတို့ စားဝတ်နေရေး ကိုသာ အားစိုက် နေရပါသဖြင့် လူမှုအဖွဲ့အစည်းနှင့် ကျေးရွာစီမံအုပ်ချုပ်မှုများတွင် ပါဝင်ဦးဆောင်နိုင်မှု မရှိပါ။ ကျွန်တော်တို့ရွာတွင် ပြင်ပအဖွဲ့အစည်းများမှ ကူညီဆောင်ရွက်ထောက်ပံ့ပေးမှုနှင့် အသိပညာပေးမှုများ မရှိပါ။ အဖွဲ့အစည်းများတွင် တာဝန်ယူလုပ်ကိုင်ချင်သော်လည်း စားဝတ်နေရေး မပြေလည်မှုနှင့် အိမ်မှုကိစ္စများသည် အမျိုးသမီးများ တာဝန်ဖြစ်သဖြင့် တက်ကြွစွာပါဝင်နိုင်မှု၊ ဦးဆောင်နိုင်မှုများတွင် အခွင့်အရေးများ ဆုံးရှုံးနေပါသည်။ ကျွန်တော် တို့ကျေးရွာတွင် အကြမ်းဖက်မှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်များ အားနည်းနေကြောင်း တွေ့ရှိရပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်တော်တို့ကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးခြင်းများ ရှိပါသည်။ အားကစားနှင့် ကာယလေ့ကျင့်ခန်းများပြုလုပ်ရန် နေရာနှင့် အထောက်အကူပြုပစ္စည်းများ မရှိပါ။ ဖွံ့ဖြိုးရေးလုပ်ငန်း ရိုးရာဓလေ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပါဝင်မှုအားနည်းပါသည်။ ရိုးရာပွဲတော်များတွင် လူငယ်များသည် မိမိတို့ရိုးရာဝတ်စုံများ၊ ယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေလေ့ရှိကြပါသည်။ လူငယ်များသင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများ နေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက်များမရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် လူငယ်များ သင်တန်းတက်ရောက်ခြင်း၊ အသိပညာပေး ဟောပြောပွဲ များတွင် တက်ရောက်ခြင်းများ နည်းပါးပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ရေဒီယိုလိုင်းများရှိသော်လည်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဖြန့်ဝေ ခြင်းဆိုင်ရာ အထောက်အကူပြု အဆောက်အဦများ

မရှိပါ။ လူကုန်ကူးမှုများ မရှိပါ။ မူးယစ်ဆေးဝါး သုံးစွဲသူများ အလွန်များပြားနေသောကြောင့် စက်ဘီးခိုးမှု၊ အစားခြောက်ခိုးမှု စသည့်ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပြီး အလွန်စိုးရိမ်နေရပါသည်။ (၂၀၁၄)ခုနှစ်မှစ၍ မူးယစ်ဆေးသုံးစွဲသူ များလာခြင်းကြောင့် (၂၀၂၀)ခုနှစ်တွင် တိုက်ဖျက်ဖို့ အခက်အခဲများရှိနေပါသည်။ အမျိုးသမီးများအား အကြမ်းဖက်မှုများ လည်း အနည်းငယ်ရှိပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှု ဆိုင်ရာများအတွက် လူထု၏အသိအမြင်များ အားနည်းနေကြောင်း တွေ့ရှိရပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ကွန်ကရစ်လမ်းခင်းခြင်း	၁	✔				
၂	စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း	၂		✔	✔		
၃	ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၂		✔	✔		
၄	မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း	၃		✔	✔	✔	
၅	ချေးငွေရရှိအောင် ဆောင်ရွက်ခြင်း	၃		✔	✔	✔	
၆	ရေကန်ဆောက်လုပ်ခြင်း	၄		✔	✔	✔	✔
၇	ဆိုလာမီးများတပ်ဆင်ခြင်း	၄		✔	✔	✔	✔
၈	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၅		✔	✔	✔	✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၁) နားယကျေးရွာ

ကျေးရွာ	- နားယကျေးရွာ
ကျေးရွာအုပ်စု	- ကုန်းမုံကျေးရွာအုပ်စု
မြို့နယ်	- လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်- ရှမ်းပြည်နယ်(မြောက်ပိုင်း)	
စီမံချက်အမည်- ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာလမ်းတွင်ဗွက်များ၊ချိုင့်များဖြစ်နေသောကြောင့်ရွာသူ/သားများ၊ကျောင်းသူ/သားကျောင်းသွားကျောင်းပြန်ရာတွင်၄င်း၊သွားလာရာတွင်အခက်အခဲများရှိပါသည်။ • စီးပွားရေးအတွက်ရောင်းဝယ်ဖောက်ကားရာတွင်အခက်အခဲများဖြစ်စေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်ဗွက်များ၊ချိုင့်များမရှိစေရန်၊ • ကျောင်းသားကျောင်းသူများပညာသင်ယူမှုတွင်သွားလာရအဆင်ပြေစေရန်	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • လမ်းကောင်းမွန်မှုကြောင့်လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • ကျောင်းသား/ကျောင်းသူများပညာသင်ယူမှုအဆင့်အတန်းမြင့်မားတိုးတက်လာမည်။ • လမ်းကောင်းမွန်မှုကြောင့်စီးပွားရေးရောင်းဝယ်မှုပိုမိုအဆင်ပြေလာမည်။ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ကျေးရွာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း(၈၀၀'× ၁၂'× ၆")	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀(ငွေသား) • ၄၁၅၀၀၀၀(ငွေသား) • ××××××××× (ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၀၀	၂၂၁	၄၂၁	၃	၂၆	၄၅	၂၉	၁၀၃
အကျိုးခံစားမည့်သူဦးရေ	၂၀၀	၂၂၁	၄၂၁	၃	၂၆	၄၅	၂၉	၁၀၃
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- **နားယကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၉.၉.၂၀၂၀

(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၈.၉.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။
- လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေး အတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။
- လမ်းပြုပြင်မှုနှင့် ပတ်သက်၍ ရေရှည်တည်တံ့စေရေးအတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များထားရှိပါမည်။
- လမ်းပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများအားလုံးထိန်းသိမ်းသွားပါမည်။
- လမ်းအခြေအနေအား ရေရှည် ကောင်းမွန် ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင် ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင် သွားပါမည်။

နားယကျေးရွာ၊ ကုန်းမုံကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဆန်ပန်း	ပူလွယ်ဩ	၁၃/လရန(နိုင်)၁၁၂၅၆၀	၅၉	ဥက္ကဋ္ဌ	၀၉-၄၂၆၂၀၆၃၁၅
၂	စိုင်းဆံလှိုင်	ဦးအိုက်စိုင်း	၁၃/လရန(နိုင်)၁၈၉၆၁၇	၂၅	အတွင်းရေးမှူး	၀၉-၂၆၅၆၁၇၂၁၂
၃	စိုင်းကျော်ဦး	ဦးထွန်းမောင်	၁၃/လရန(နိုင်)၁၅၄၉၀၄	၃၁	ဘဏ္ဍာရေးမှူး	၀၉-၂၆၂၆၁၇၀၉
၄	စိုင်းအိုက်စံ	ဦးဆန်လှမောင်	၁၃/လရန(နိုင်)၁၅၄၉၂၂	၃၁	စာရင်းကိုင်	၀၉-၄၄၀၅၀၁၅၄၁
၅	နန်းကြည်ခင်	ဦးမိုင်း	၁၃/လရန(နိုင်)၁၅၄၇၆၃	၄၂	သော့ကိုင်	၀၉-၄၄၆၀၃၃၂၉၆
၆	နန်းအေးလီ	ဦးအိုက်ဇော်	၁၃/လရန(နိုင်)၁၇၁၉၇၄	၄၇	အဖွဲ့ဝင်	
၇	မအေးဆွေ	ဦးဆန်အောင်	၁၃/လရန(နိုင်)၁၅၄၆၁၈	၃၂	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၁၂	၁၉
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၄	၁၇	၃၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂	၁၇	၂၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၅	၂၀	၄၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၂	၁၅၂	၂၉၄
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၀	၃	၃
စုစုပေါင်း		၂၀၀	၂၂၁	၄၂၁
စုစုပေါင်း အိမ်ထောင်စု				၁၀၃

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နားယကျေးရွာတွင် အိမ်ထောင်စု(၁၀၃)အိမ်ရှိပြီး၊ ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း (၄၂၁)ဦးဖြစ်ပြီး ပျမ်းမျှ တစ်အိမ် ထောင်လျှင် (၅-၆)ဦး ရှိပါသည်။ ကျွန်တော်တို့ နားယကျေးရွာတွင် နို့စို့အရွယ် ကျား (၇)ဦး၊ မ(၁၂)ဦး၊ ၅နှစ် အောက်ကလေးငယ်မှာ ကျား(၁၄)၊ မ(၁၇)ဦး၊ မူလတန်းကျောင်းသား အရွယ် (၁၀)နှစ်အောက် ကျား(၁၂)ဦး၊ မ(၁၇)ဦး၊ အလယ်တန်း ကျောင်းသားအရွယ်(၁၀နှစ်မှ ၁၄နှစ်)အထိ ကျား(၂၅)ဦး၊ မ(၂၀) ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား(၁၄၂)ဦး၊ မ(၁၅၂ဦး၊ (၆၅)နှစ်အထက် သက်ကြီးရွယ်ကြီး ကျား(-)ဦး၊ မ(၃)ဦးတို့ဖြစ်သည်။ နို့စို့အရွယ် ကလေးများအား ကာကွယ် ဆေးများ ပုံမှန်ထိုးနှံပေးလျှက်ရှိပါသည်။ ကာကွယ်ဆေးများ မထိုးနှံကြသော အိမ်ထောင်စုများ လည်း ရှိပါသည်။ ကလေးများသည် မူလတန်းပညာကို ၆-၇နှစ်မှ စတင်တက်ရောက်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၆	၁၁၇		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၆၁	၁၄၀		မြင့် □လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၆	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)**" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့နားယကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် တောင်ယာလုပ်ငန်းများ လုပ်ကိုင်ပြီးပါက မီးသွေးဖုတ်ခြင်း၊ ပန်းရံ၊ လက်သမားလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် တောင်ယာ အငှားလိုက်ခြင်း၊ ပြောင်းစိုက်ခြင်း၊

ပြောင်းချိုးခြင်း၊ ပန်းနှမ်းများ စိုက်ပျိုးခြင်း၊ စျေးရောင်းခြင်းများကို လုပ်ကိုင်ကြ ပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓနိုးထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓနိုးထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၃၀၀၀	၂၅၀၀	၂၅၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တောင်ယာနေ့စား လုပ်အားခကို အနည်းဆုံး(၂၅၀၀)ကျပ်မှ အများဆုံး(၃၀၀၀)ကျပ် ထိသာရရှိပါသည်။ ထို့ကြောင့် **တချို့အိမ်ထောင်စုများမှ စိုက်ပျိုးရေးလုပ်ငန်းဖြင့် ဝမ်းစာမဖူလုံသောကြောင့် အခြားပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သူများ လည်းရှိပါသည်။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)		
လယ်မြေ	၇၁	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂၃	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၅	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၃၁၉	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၇၁)ဧက၊ တောင်ယာမြေ(၂၂၃) ဧကနှင့်ဥယျာဉ်ခြံမြေ(၂၅)ဧက၊ စုစု ပေါင်း (၃၁၉) ဧက ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☑	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့နားယကျေးရွာမှ ကျောက်သဲ၊ ကျောက်စရစ်ထွက်ရှိသော်လည်း ယူဆောင်ဖို့ရန် အလွန်ခက်ခဲသောကြောင့် အသုံးမပြုကြပါ။ သဘာဝ အပင်မျိုးစိတ်များနှင့် သဘာဝ တောတွင်း တိရိစ္ဆာန်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
လုပ်ငန်း	အလွန်ကောင်း	အသင့်အတင့်	နည်း	အလွန်နည်း
အိမ်ထောင်စု	၃	၂၆	၄၅	၂၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ နားယကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၃.၀၆%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စုက (၂၁.၄၃%)၊ မပြေလည်သောအိမ်ထောင်စု (၄၅.၉၂%)နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၉.၅၉%) ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၆) ဧကနှင့် အထက်ရှိခြင်း၊ တိုက်အိမ်များ၊ ကားများ၊ လယ်ယာသုံးပစ္စည်း ကိရိယာများဖြစ်သော လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် မြေယာ ပိုင်ဆိုင်မှု(၃)ဧကအထက်ရှိခြင်း၊ သွပ်မိုးထရံကာ အုတ်ခုံအိမ်များ၊ ထော်လာဂျီများ ပိုင်ဆိုင်ကြပါ သည်။ မပြေလည်သောအိမ်ထောင်စုသည် မြေယာပိုင်ဆိုင်မှု (၁)ဧကအထက်ရှိခြင်း၊ သွပ်မိုးမြေစိုက် ထရံကာအိမ်၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုသည် မြေယာ ပိုင်ဆိုင်မှုမရှိပါ။ သက်ကယ်မိုး ဝါးထရံကာအိမ်များဖြင့် နေထိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် □နိမ့်☑မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☑လတ် □နိမ့်□မရှိ □
၃	ရေကြီးခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၆	မုန်တိုင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ငလျင်	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မီးဘေး	မြင့် □လတ် □နိမ့်□မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် □နိမ့်□မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑လတ် □နိမ့်□မရှိ □
၁၂	၄က်ဖျားရောဂါ	မြင့် □လတ် □နိမ့်☑မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် □လတ် □နိမ့်☑မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ရွာနှင့် တောင်ယာသွားရာလမ်း အလှမ်းဝေးသောကြောင့်

အချို့တောင်ယာ များတွင် သီးနှံ မစိုက်ပျိုးနိုင်သဖြင့် စားနပ်ရိက္ခာမဖူလုံမှုများ ရှိလာနိုင်ပါသည်။ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ ထိခိုက်မှုအနေဖြင့် ကျွန်တော်တို့နားယကျေးရွာတွင် သဘာဝ အရင်းအမြစ် ရှားပါးမှု၊ မြေစိုက်ပျိုးရေး အလွန်နည်းပါးပါသည်။ ကျန်းမာရေးအသိမရှိခြင်းကြောင့် ၄က်ဖျားရောဂါများဖြစ်ပွားမှုရှိပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☑နိမ့်☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ နားယကျေးရွာတွင် လူငယ်များ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ၍ သုံးစွဲနိုင်ခြင်း၊ ဆိုင်ကယ်များစည်းကမ်းမဲ့စွာ မောင်းနှင်ခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်လာနိုင်၍ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ အမျိုးသားများသည် မူးယစ်ဆေးဝါးစွဲနေသူများဖြစ်၍ အလုပ်မလုပ်ကြသည့်အတွက် အမျိုးသမီးများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန် ရှာဖွေစားသောက်ရသောကြောင့် ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ လက်လုပ်လက်စားများ၊ ကျပန်းများသည် ကျေးရွာ တွင်းကြုံရာကျပန်း အလုပ်လုပ်ကိုင်ခြင်း၊ နေပူမိုးရွာမရှောင်လုပ်ကိုင်ရခြင်း ကြောင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊

လုပ်အားခနည်းပါးခြင်းကြောင့် ထိခိုက်လွယ်မှုများရှိပါသည်။ ဆေးစွဲသူများသည် မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် အလုပ်မလုပ် နိုင်ရုံသာမက လူမှုရေး၊ စီးပွားရေးကိစ္စများ၌ လှစ်ဟာမှုများ၍ ထိခိုက်လွယ်မှုများရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရှမ်းယဉ်ကျေးမှုအကအဖွဲ့	၁☐ ၂☑ ၃☐	၂၀	၂၀	၄၀	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	မူးယစ်တိုက်ဖျက်ရေးအဖွဲ့	၁☐ ၂☑ ၃☐	၅၀		၅၀	ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☐ သင့် ☐ ညံ့ ☑
၃		၁☐ ၂☐ ၃☐				ပညာရေး☐ဌေးကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းယဉ်ကျေးမှုအကအဖွဲ့နှင့်မူးယစ်တိုက်ဖျက်ရေးအဖွဲ့(၂)ဖွဲ့ရှိပါသည်။ လုံခြုံရေးနှင့်ကာကွယ်ရေးပိုင်းတွင် ရွာအဖွဲ့အစည်းရှိသော်လည်း ထိရောက်စွာမလုပ်ဆောင်နိုင်ခြင်းကြောင့် အလွန်အားနည်းပါသည်။ ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများ ကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၅	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၃	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၅	တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၀၃	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ၂.၅ ဧက အောက် (၃၅)အိမ်ထောင်စု၊ ၂.၅ ဧက မှ ၅ဧကကြား (၃၃) အိမ်ထောင်စု၊ ၅ဧက မှ ၁၂ ဧက ကြား (၁၀)အိမ်ထောင်စုတို့ ဖြစ်သည်။ မြေယာမဲ့အိမ်ထောင်စု (၃၅) အိမ်ထောင်စု ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၁၀၃	တစ်နှစ်ပတ်လုံး☑ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ရွာသည်များသောအားဖြင့် ချောင်းရေကိုသာ သုံးစွဲနေရပါသည်။ တချို့အိမ်ထောင်စုများမှာ ချောင်းနှင့် ဝေးကွာနေသောကြောင့် အလွန်ခက်ခဲ နေပါ သည်။ အစိုးရနှင့် ပုဂ္ဂလိအဖွဲ့များ၏ ကူညီထောက်ပံ့မှု မရရှိခဲ့ပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်းမျှ	မှ	ထိ		
ပြောင်း	၁၁၅	ပိဿာ	၂၀	၃၀	၂၅	ဇွန်	ဒီဇင် ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်□နိမ့်☑
စပါး	၁၂၀	တင်း	၃၀	၄၀	၃၅	ဇွန်	ဒီဇင် ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့နားယကျေးရွာ၏ အဓိကစိုက်ပျိုးသောသီးနှံသည် ပြောင်းနှင့် စပါးဖြစ်သည်။ ပြောင်းတစ်ကေလျှင် (၄၀) ပိဿာရရှိသည်။ ကျွန်တော်တို့ရွာ၏ရာသီဥတုမမှန်တာကြောင့် စပါးနှင့် ပြောင်းအထွက်နှုန်း လျော့နည်းနေပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၂၉			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၃			
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၃၂			

